# မြန်မာနိုင်ငံ - ဆိုင်ကလုန်း မုန်တိုင်း ရွှန်နူ ကယ်ဆယ်တုန့် ပြန်ရေး

အကျဉ်းချုပ် အစီရင်ခံစာ အမှတ် ၂: ၂၀၁၆ ခုနှစ် မေ ၂၂

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ဆိုင်ကလုန်းမုန်တိုင်း ရွှန်နူမှာ မေလ ၂၁ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်တွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး၊ မေလ ၂၂ ရက်နှင့် ၂၃ ရက်တွင် မြန်မာနိုင်ငံ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးနောက် အားပျော့ပျက်ပြယ်သွားပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဆိုင်ကလုန်း မုန်တိုင်း၏ အဆင့်သတ်မှတ်ချက်မှာ အစိမ်းရောင်သို့ လျော့ကျသွားခဲ့ပြီးဖြစ်ပါသည်။

အစိုးရ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာန၏ ထုတ်ပြန်ချက်အရ ယခုအချိန်အထိ မိုးရွာသွန်းမှု သို့မဟုတ် မြေပြိုမှုများကြောင့် သေဆုံးမှု သို့မဟုတ် သိသာထင်ရှားမှုရှိသော နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများနှင့် စပ်လျဉ်းသည့် အစီရင်ခံမှုများမရှိသေးပါ။ ချင်းပြည်နယ်တွင် မြေပြိုမှုကြောင့် တံတားအစင်း အနည်းငယ် ထိခိုက်မှုရှိခဲ့ပြီး၊ အိမ်အချို့ ထိခိုက်မှုရှိခဲ့ကြောင်း အစီရင်ခံမှုများရှိသော်လည်း၊ အများစုမှာ ပမာဏအနည်းငယ်မျှသာ ထိခိုက်ခြင်းဖြစ်ပါသည်။ ချင်းပြည်နယ် အစိုးရအနေဖြင့် တုန့်ပြန်ကယ်ဆယ်ရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ရန် အရေးပေါ်စီမံခန့်ခွဲမှုဌာနကို ဖွင့်လှစ်ခဲ့ပါသည်။ ဒေသတွင်း အစိုးရ အဖွဲ့၏ ပြောကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း သိသာထင်ရှားသော ပျက်စီးမှုများမရှိကြောင်း သိရှိရပါသည်။ ဒေသတွင်း အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့၏ ထုတ်ပြန်ချက်များအရ မေလ ၂၂ ရက်နေ့အထိ ရခိုင်ပြည်နယ်ရှိ မြို့များနှင့် ရွာများတွင် သိသာထင်ရှားသော ထိခိုက်ပျက်စီးမှုများ မရှိသော်လည်း၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် အချို့သော နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများရှိ ယာယီနေထိုင်ရာအမိုးအကာ အချို့မှာ ပြိုကျပျက်စီးခဲ့ကြောင်း သိရှိရပါသည်။

အစိုးရအနေဖြင့် မေလ ၂၂ ရက်နေ့ မွန်းလွဲပိုင်းမှစတင်ပြီး နေပြည်တော်ရှိ အရေးပေါ်ကွပ်ကဲမှုဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကိုရပ်တန့်ခဲ့ပါသည်။ သို့သော်လည်း အရေးပေါ်ကွပ်ကဲမှုဗဟိုဌာနအနေဖြင့် မုတ်သုန်ရာသီအတွင်း ရာသီဥတုအခြေအနေများနှင့် ၎င်း၏ အကျိုးသက်ရောက်မှုများကို ဆက်လက် စောင့်ကြည့်လေ့လာသွားမည်ဖြစ်ပါသည်။

ယခုအစီရင်ခံစာမှာဆိုင်ကလုန်းမုန်တိုင်းရွှန်နူနှင့်စပ်လျဉ်းပြီး လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံးမှ ထုတ်ဝေသည့် နောက်ဆုံး အစီရင်ခံစာဖြစ်ပါသည်။

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်


ဖျဲပယ်ရွန် ၊ ပြန်ကြားဆက်သွယ်ရေးအရာရှိ၊ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (မြန်မာ)

ဖုန်း - + ၉၅ ၉၇၉ ၇၀၀ ၇၈၁၅ ၊ ၉၂၅၀ ၁၉၈ ၉၉၇ ၊ အီးမေးလ် peronp@un.org ၊ တွစ်တာ @pierre_peron ၊ www.unocha.org